# မြန်မာ့ဒီမိုကရေစီအဖွဲ့ချုပ် (League for Democracy in Burma)၏ ၂၀၁၀ပြည့်နှစ် အောက်တိုဘာလ(၈)ရက်နေ့ ထုတ်ပြန်ကြေညာချက်အပေါ် သက်ဆိုင်ရာဂျပန်နိုင်ငံရောက် တိုင်းရင်းသားခေါင်းဆောင်များ၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ(၁၀)ရက်
တိုကျို၊ ဂျပန်

၂၀၁၀ပြည့်နှစ် အောက်တိုဘာလ(၈)ရက်နေ့တွင် ဂျပန်နိုင်ငံရှိ မြန်မာ့ဒီမိုကရေစီအဖွဲ့ချုပ်(League for Democracy in Burma)မှ အကြောင်းရင်းအမှန်အကန်ကိုတိကျသေချာစွာ မသိရှိဘဲ၊ ထုတ်ပြန်ကြေညာထားသော ကြေညာချက်အပေါ်တွင် ကျွန်တော်များ သက်ဆိုင်ရာဂျပန်နိုင်ငံရောက်တိုင်းရင်းသားခေါင်းဆောင်များက အောက်ပါကြေညာချက်ကိုပြန်လည်ထုတ်ပြန်လိုက်ပါသည်။

၁။ ကျွန်တော်များသည် ဂျပန်နိုင်ငံတွင်ရောက်ရှိနေကြသော ပြည်ထောင်စုမြန်မာနိုင်ငံသား၊ တိုင်းရင်းသားလူမျိုးစုများတွင် အပါအဝင်ဖြစ်သော လက်ရှိမိမိတို့တိုင်းရင်းသားလူမျိုးစုများတွင်ဦးဆောင်လျက်ရှိသော တာဝန်ရှိပုဂ္ဂိုလ်များဖြစ်ကြပါသည်။ Marip Seng Bu - General Secretary of Kachin National Organization- Japan (KNO-Japan), Saw Ba Hla Thein - Vice chairperson of Karen National League- Japan(KNL-Japan), Thang Nang Lian Thang, Chairperson of Chin National Community - Japan(CNC-Japan), Sai Si Wan - Chairperson of Shan Nationalities for Democracy - Japan(SND-Japan), Min Myo Chit - Chairperson of Punnyagari Mon National Society - Japan (PMNS-Japan) တို့ဖြစ်ကြပါသည်။

၂။ မြန်မာနိုင်ငံဒီမိုကရေစီရရှိရေး၊ လူ့အခွင့်အရေးတန်းတူရရှိရေး၊ ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ စစ်အာဏာရှင်စနစ်ဆန့်ကျင်ဖြုတ်ချရေးအတွက် အခြားသောဒီမိုကရေစီအရေးလှုပ်ရှားသောအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်လှုပ်ရှားနေသော အဖွဲ့အစည်းများဖြစ်ကြပါသည်။ တိုင်းရင်းသားများအရေးနှင့် ဒီမိုကရေစီအရေးသည် ခွဲခြား၍ရသောကိစ္စမဟုတ်သကဲ့သို့၊ ချန်ထား၍ရသောကိစ္စလည်းမဟုတ်ပါ။ ထို့ကြောင့် ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများ အသီးသီးဖွဲ့စည်းထားကြသော ဒီမိုကရေစီအရေးလှုပ်ရှားသောအဖွဲ့အစည်းများနှင့် မဟာမိတ်ပြုရမည့်အချိန်၊ ပူးပေါင်းလှုပ်ရှားရသောအချိန်များရှိသလို၊ တိုင်းရင်းသားအသီးသီးမှမိမိတို့၏အရေးကို သီးခြားစီလှုပ်ရှားရသောကိစ္စများလည်းရှိပါသည်။

၃။ ကျွန်ုပ်တို့တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့်၊ မြန်မာပြည်တွင်း၊ နယ်စပ်ဒေသ၊ နိုင်ငံတကာရှိ မိမိတို့၏မိခင်အဖွဲ့အစည်းများနှင့်အတူ ဆက်သွယ်ခြင်း၊ လမ်းညွှန်မှုခံယူခြင်း၊ အပြန်အလှန်ပူးပေါင်းလှုပ်ရှားခြင်းများကို ပြုလုပ်လျက်ရှိပါသည်။ မိမိတို့၏နိုင်ငံရေးလှုပ်ရှားမှုများတွင် လုံခြုံရေးအရ အကန့်အသတ်ဖြင့် အသိပေးသင့်သူကိုသာ အသိပေးရသည်များလည်း ရှိပါသည်။

၄။ မြန်မာနိုင်ငံအတွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မီတီတို့က န.အ.ဖ.စစ်အုပ်စု၏ ၂၀၁၀ ရွေးကောက်ပွဲသည် စစ်အာဏာရှင်စနစ်ကို တရားဝင်အောင်ပြုလုပ်ခြင်းဖြစ်သောကြောင့် ကန့်ကွက်သပိတ်မှောက်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ ထိုဆုံးဖြတ်ချက်သည် မှန်ကန်၍ ပြည်သူအားလုံး၏ဆန္ဒကို ထင်ဟပ်မည်ဟု ယုံကြည်ပါသဖြင့်၊ ကျွန်တော်များတိုင်းရင်းသားအဖွဲ့အစည်းများကလည်း လက်တွေ့ထောက်ခံအားပေးပါဝင်ပူးပေါင်းမှုများကို အစဉ်တစိုက်လုပ်ဆောင်လျက်ရှိပါသည်။ ဂျပန်နိုင်ငံတွင်ရှိသောအဖွဲ့အစည်းများအချင်းချင်း၊ လုံခြုံရေးအခြေအနေအရ အသိမပေးကြသော်လည်း၊ မိမိတို့၏ဆက်သွယ်လှုပ်ရှားမှုများကို သက်ဆိုင်ရာများမှ ကောင်းစွာအသိအမှတ်ပြု မှတ်တမ်းတင်ထားကြောင်းလည်းသိရှိထားပါသည်။

၅။ ကျွန်ုပ်တို့တိုင်းရင်းသားအဖွဲ့အစည်းများသည် ဂျပန်နိုင်ငံတွင်ရှိသော မြန်မာ့အရေးကို လှုပ်ရှားသောအဖွဲ့အစည်းများ အချင်းချင်းစည်းလုံးညီညွတ်ရေးကို အမြဲတမ်းဂရုတစိုက်အလေးထားလျက်ရှိပါသည်။ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများတွင် အားပေးပါဝင်ကြသည့်ကိစ္စသည် စည်းလုံးမှုကိုလိုလား၍သာဖြစ်ပါသည်။ ဦးဆောင်မှုနေရာကိုလိုချင်၍၊ နာမည်ပါချင်ရုံ သက်သက် မဟုတ်ပါ။ မြန်မာနိုင်ငံသားများသည် စည်းလုံးညီညွတ်မှုအတွက် ပူးပေါင်းလှုပ်ရှားမှု၌အင်အားဖြည့်ပါဝင်ကြသကဲ့သို့ တိုင်းရင်းသား

ဒေသများတွင် အစဉ်အမြဲဖြစ်ပျက်နေသော၊ နေ့စဉ်နေ့တိုင်း န.အ.ဖ.စစ်တပ်များ၏ မတရားဖိနှိပ်သတ်ဖြတ်မှု ပြဿနာများအတွက် တိုင်းရင်းသားများအရေးကို တတ်နိုင်သည့်အင်အားဖြင့် ဖြေရှင်းကူညီဆောင်ရွက်ရသောလုပ်ငန်းကြီးများကိုလည်း ဆောင်ရွက်လျက်ရှိနေကြပါသည်။

၆။ န.အ.ဖ.စစ်အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား အပစ်အခတ်ရပ်စဲကြပြီး၊ ငြိမ်းချမ်းရေးနိုင်ငံရေး ဆွေးနွေးရန်၊ လိမ်လည်ကမ်းလှမ်းခဲ့ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် စစ်မှန်သောပြည်ထောင်စုတည်ဆောက်ရန် အမှန်တကယ်လိုလားခဲ့ပါသည်။

န.အ.ဖ.က အတုအယောင်အမျိုးသားညီလာခံခေါ်သည့်အချိန်တွင် ငြိမ်းချမ်းရေးယူထားသောလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့မှ နိုင်ငံရေးအကြံပြုချက်တင်ပြခဲ့သော်လည်း၊ ယနေ့အထိ နိုင်ငံရေးဆွေးနွေးမှုကို မပြုခဲ့ပါ။ ၂၀၀၈ ခုနှစ်တွင် ဒီမိုကရေစီအခွင့်အရေးနှင့် တိုင်းရင်းသားများ၏အခွင့်အရေးကို လစ်လျူရှုပြီး စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရေးကိုဦးတည်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို အတင်းအဓမ္မပြဋ္ဌာန်းလာပါသည်။ ၂၀၁၀ ရွေးကောက်ပွဲဥပဒေကို ထုတ်ပြန်ပြီး၊ ၂၀၁၀ပြည့်နှစ် နိုဝင်ဘာလ(၇)ရက်နေ့တွင် အတုအယောင်ရွေးကောက်ပွဲကိုကျင်းပရန် ပြင်ဆင်လာပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း၊ နယ်ခြားစောင့်တပ်(Border Guard Force (BGF))ဖွဲ့စည်းရေးကို အတင်းအဓမ္မဖိအားပေးလာပါသည်။

၇။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်သော Kachin Independence Organization (KIO), Karen National Union (KNU), Karenni National Progress(KNPP), New Mon State Party(NMSP), Chin National Front(CNF), Shan State Army(North)(SSA-N) စသော ကချင်၊ ကရင်၊ ကရင်နီ၊ မွန်၊ ချင်း၊ ရှမ်းခေါင်းဆောင်များသည် ၂၀၁၀ပြည့်နှစ် မေလတွင် နယ်စပ်တစ်နေရာ၌ မဟာမိတ်စာချုပ်ကို ချုပ်ဆိုခဲ့ပါသည်။ ထိုလက်နက်ကိုင်မဟာမိတ်အဖွဲ့များသည် နိုင်ငံတကာသို့လှည့်လည်ပြီး၊ မိမိတို့၏သဘောထားကိုလှည့်လည်ရှင်းပြခဲ့ပါသည်။

၈။ တိုင်းရင်းသားလက်နက်ကိုင်များ၏အနေအထား၊ ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲအပြီးဖြစ်ပေါ်လာသည့် အခြေအနေများကိုလည်း၊ သုံးသပ်ရှင်းလင်းသည့်ခရီးစဉ်များကို တိုင်းရင်းသားခေါင်းဆောင်များက လှည့်လည်ရှင်းလင်းခဲ့ကြပါသည်။

မြန်မာနိုင်ငံအတွင်းတွင် ရွေးကောက်ပွဲဝင်သည့် အင်အားစုများ၊ နိုင်ငံတကာနှင့် တိုင်းရင်းသားများအကြားတွင် ရွေးကောက်ပွဲနှင့် ပတ်သက်သောသဘောထားများသည် အမြင်အမျိုးမျိုးရှိသည်မှာအမှန်ဖြစ်ပါသည်။ မြန်မာနိုင်ငံသားများအချင်းချင်းအကြားတွင် နိုင်ငံရေးအမြင်မတူညီမှုများရှိသည်မှာ သဘာဝကျပါသည်။

သို့ရာတွင် တိုင်းရင်းသားလက်နက်ကိုင်မဟာမိတ်များ၏သဘောထားအစီအစဉ်များကိုရှင်းလင်းရန်ခရီးစဉ်ကို ခွဲခြားမြင်ရန်လိုအပ်ပါသည်။

၉။ ဂျပန်နိုင်ငံသို့ တိုင်းရင်းသားလက်နက်ကိုင်များ၏ သဘောထားရှင်းလင်းရန်ခရီးစဉ်ကို သက်ဆိုင်ရာဋ္ဌာနချုပ်၏အစီအစဉ်ဖြင့် ဦးဟန်ညောင်ဝေနှင့် ဦးဇစ်တာဇျတ်လျန်းတို့ရောက်ရှိလာကြပါသည်။

၁၀။ ဦးဟန်ညောင်ဝေနှင့် ဦးဇစ်တာဇျတ်လျန်းတို့၏ ခရီးစဉ်နှင့်ပတ်သက်၍ (၁–၉–၂၀၁၀)နေ့တွင် ဂျပန်လွှတ်တော်အမတ် (နာကဂါဝါ မာဆဟာရု)နှင့် သက်ဆိုင်ရာတိုင်းရင်းသားခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ တွေ့ဆုံဆွေးနွေးသူများမှာ ဒေါ်မရစ်ဆိုင်းဘူ(ကချင် – KNO-Japan)၊ ဦးထန်နန်လျန်းထန်(ချင်း – CNC-Japan)၊ စိုင်းစီဝမ်း(သျှမ်း – SND-Japan)၊ စောဘလှသိန်း(ကရင် – KNL-Japan)၊ မင်းမျိုးချစ်(မွန် – PMNS-Japan)တို့ဖြစ်ကြ ပါသည်။ စကားပြန်အဖြစ် မြန်မာ့အရေး၊ တိုင်းရင်းသားအရေးကို အစဉ်တစိုက်အားပေးလာသော ဦးရွှေဘ(မစ္စတာ တာနာဘေး) ဖြစ်ပါသည်။

၁၁။ ဤကဲ့သို့ လက်နက်ကိုင်မဟာမိတ်အဖွဲ့များ၏ သဘောထားရှင်းလင်းရေးခရီးစဉ်ဖြင့် ဂျပန်နိုင်ငံသို့ရောက်ရှိလာကြသော ဦးဟန်ညောင်ဝေနှင့် ဦးဇစ်တာဇျတ်လျန်းတို့နှင့်အတူ ဂျပန်လွှတ်တော်အမတ်နှင့်တွေ့ဆုံရာတွင် ဂျပန်နိုင်ငံရှိ တိုင်းရင်းသားခေါင်းဆောင်များလည်းသွားရောက်ခဲ့ရခြင်းဖြစ်ပါသည်။

၁၂။ ဂျပန်နိုင်ငံတွင် ၂၀၁၀ပြည့်နှစ် ဩဂုတ်လ(၂၉)ရက်နေ့က ရွေးကောက်ပွဲဆန့်ကျင်ရေးကော်မီတီ Election Boycott Committee (EBC)ကိုဖွဲ့စည်းခဲ့ကြရာ၊ အဖွဲ့ပေါင်း(၂၈)ဖွဲ့ပါဝင်ပါသည်။ ထိုကော်မီတီကို ပူးပေါင်းဆောင်ရွက်ရေး ကော်မီတီ (Joint Action Committee - JAC)မှ ကမကထပြုဖွဲ့စည်းခဲ့ရာ၊ JAC တွင်မပါဝင်သောအဖွဲ့အစည်းများလည်း ပူးပေါင်းပါဝင်ကြပါသည်။ ကျွန်ုပ်တို့တိုင်းရင်းသားအဖွဲ့အစည်းများသည် အထက်တွင် ဖော်ပြခဲ့ပြီးသော တိုင်းရင်းသားဒေသ၊ နိုင်ငံရေး

ပြဿနာများကို နေ့စဉ်ဖြေရှင်းနေရသောကြောင့်၊ Election Boycott Committee (EBC)တွင် အဓိကဦးဆောင်မှု တာဝန်များကိုမယူနိုင်ကြသော်လည်း စည်းလုံးညီညွတ်မှုအတွက် ပူးပေါင်းပါဝင်လှုပ်ရှားပါသည်။ (မိမိတို့အသီးသီး၏ နိုင်ငံရေး တာဝန်များရှိသောကြောင့်ဖြစ်ပါသည်။ ဤရွေးကောက်ပွဲဆန့်ကျင်ရေးကော်မီတီ၏သက်တမ်းမှာလည်း ရွေးကောက်ပွဲပြီးပါက အလိုအလျောက် ဖျက်သိမ်းရန်ဖြစ်ပါသည်။)

၁၃။ အထက်ပါကိစ္စရပ်များကို အမြင်တစ်မျိုးဖြင့်ဝေဖန်ပြောဆိုမှုများကြောင့်၊ ရွေးကောက်ပွဲဆန့်ကျင်ရေးကော်မီတီ အစည်းအဝေးတွင် ဦးမြတ်သူ(လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ)မှ မိမိတစ်ဦးတည်း၏ဆန္ဒဖြင့်သော်လည်းကောင်း၊ ဦးလှိုင်အေး (မြန်မာ့ဒီမိုကရေစီအဖွဲ့ချုပ် LDB)မှ မိမိအဖွဲ့၏ကိုယ်စားပြု၍သော်လည်းကောင်း၊ ဤကိစ္စအပေါ်တွင် သက်ဆိုင်သူများက ဖြေရှင်းကြရန် အဆိုသွင်းလာပါသည်။

၁၄။ ဦးမြတ်သူ မှ တဆင့်စကားကြားခြင်းသာဖြစ်ပြီး၊ အချင်းချင်းကြားတွင် သံသယကင်းစေလို၍ဖြစ်သည်ဟုဆိုင်း၊ ဦးလှိုင်အေး က စကားပြန်ဦးရွှေဘထံမှ သိရခြင်းဖြစ်ကြောင်းပြောကြားလာကြပါသည်။ လိုက်ပါသွားသောတိုင်းရင်းသားများကလည်း ဦးဟန်ညောင်ဝေနှင့် ဦးဇစ်တာဇျတ်လျန်းတို့၏ခရီးစဉ်သည် လျှို့ဝှက်ခရီးစဉ်မဟုတ်သော်လည်း၊ သက်ဆိုင်သူကိုသာ အသိပေးရခြင်း ဖြစ်ကြောင်းပြောကြားကြပါသည်။ ရွေးကောက်ပွဲကို ဂျပန်အစိုးရမှ ထောက်ခံအားပေးရန် စည်းရုံးရေးဆင်းသောခရီးစဉ် မဟုတ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်များ မဟာမိတ်စာချုပ်ကိစ္စ၊ နယ်ခြားစောင့်တပ်အတင်းအဓမ္မစေခိုင်းခြင်းကိစ္စများသာ ဖြစ်ကြောင်း၊ ပြောကြားခဲ့ကြပါသည်။

ကော်မီတီဝင်အများစုက ရွေးကောက်ပွဲဆန့်ကျင်ရေးလှုပ်ရှားမှု၊ နိုင်ငံရေးကိစ္စအလွန်အရေးကြီးနေသည့်အချိန်တွင် ဤကိစ္စအတွက် အချိန်များစွာမသုံးသင့်ကြောင်းပြောကြပါသည်။ အချို့ကလည်း ဦးဟန်နှင့် ဦးဇစ်တာတို့သည် ရွေးကောက်ပွဲ ထောက်ခံသူများဖြစ်ကြကြောင်း၊ နိုင်ငံတကာကိုလှည့်လည်ပြောကြားနေသူများဖြစ်ပြီး၊ ပြတ်ပြတ်သားသားမလုပ်ပါက နောင်တွင် ရှုတ်လာနိုင်ကြောင်း ပြောဆိုဆွေးနွေးကြပါသည်။

၁၅။ ရွေးကောက်ပွဲဆန့်ကျင်ရေးကော်မီတီ၏(၁၂-၉-၂၀၁၀)အစည်းအဝေး၊ (၁၉-၉-၂၀၁၀)အစည်းအဝေးများတွင် ဤကိစ္စကို ဆက်လက်ဆွေးနွေးကြပြီး၊ အများဆန္ဒအရ အောက်ပါပုဂ္ဂိုလ်များအား တာဝန်ပေးအပ်ကြပါသည်။

(၁) ဦးလှိုင်အေး (League for Democracy in Burma (LDB))
(၂) ဦးသောင်းမြင့်ဦး (National League for Democracy Liberated Area Japan Branch - (NLD-LA Japan Branch))
(၃) ဦးဇော်မင်းခိုင် (Arankan League for Democracy - Japan (ALD-Japan))
(၄) မိုင်ကျော်ဦး (Representative of National Democratic Front (Burma))– NDF-Japan
(၅) ဦးသန်းဆွေ (Burma Democratic Action Groups (BDA))
(၆) ဦးကိုကိုအောင်(Democratic Federation of Burma(DFB))
(၇) ဦးလွင်အောင်စိုး (Save Burma)

၁၆။ အဆိုပါ တာဝန်ပေးထားသောသူ(၇)ဦးမှ (၂၅-၉-၂၀၁၀)နေ့တွင် ဦးဟန်ညောင်ဝေနှင့် ဦးဇစ်တာဇျတ်လျန်းတို့၏ ၂၀၁၀ စက်တင်ဘာ(၁)ရက် ဂျပန်ခရီးစဉ်နှင့် ပတ်သက်၍ ၂၀၁၀ရွေးကောက်ပွဲဆန့်ကျင်ရေးကော်မီတီ(ဂျပန်)မှ ထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်ခဲ့ပါသည်။ (ပူးတွဲတင်ပြထားပါသည်။)

ကျွန်ုပ်တို့အားလုံးက အဆိုပါ(၇)ဦး၏ ထုတ်ပြန်ချက်အပေါ်တွင် အငြင်းပွားခြင်းမပြုပါ။ အကြောင်းမှာ – ကျွန်ုပ်တို့သည် မဟာမိတ်စာချုပ် ချုပ်ဆိုထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏သဘောထားရှင်းလင်းချက်ဆွေးနွေးရန် အတွက်သာသွားရောက်ခြင်းဖြစ်ပါသည်။ အကယ်၍ ရွေးကောက်ပွဲနှင့်ပတ်သက်သောသဘောထားရှင်းလင်းချက်ဆွေးနွေးရန် ဖြစ်ပါက လုံးဝသွားရောက်မည်မဟုတ်ပါ။

၁၇။ မြန်မာ့ဒီမိုကရေစီအဖွဲ့ချုပ် (League for Democracy in Burma (LDB))သည် ဂျပန်နိုင်ငံတွင် ဖွဲ့စည်းသော အဦးပိုင်းအဖွဲ့အစည်းများတွင် တစ်ဖွဲ့အပါအဝင်ဖြစ်ပါသည်။ ဂျပန်နိုင်ငံတွင် အဖွဲ့အစည်းများ တဖြေးဖြေးများပြားဖွဲ့စည်းခြင်း မဖြစ်ပေါ်မီကာလမှ ယနေ့တိုင်အောင် တိုင်းရင်းသားလူမျိုးအသီးသီးသည် LDB ၏ အမာခံအင်အားစုများဖြစ်ကြပါသည်။ ကျွန်ုပ်တို့ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် LDB သည် လူပုဂ္ဂိုလ်တစ်ဦးချင်းဦးဆောင်မှုပေါ်တွင် အခြေခံသော ဆက်ဆံမှုမဟုတ်ပါ။

လူမျိုးအသီးသီး၊ အဖွဲ့အစည်းအသီးသီးမဟာမိတ်ပြုပူးပေါင်းလှုပ်ရှားပြီး၊ မြန်မာ့ဒီမိုကရေစီအရေး၊ တိုင်းရင်းသားအရေးကို လုပ်ဆောင်နေကြခြင်းဖြစ်ပါသည်။

၁၈။ မြန်မာ့ဒီမိုကရေစီအဖွဲ့ချုပ် (League for Democracy in Burma (LDB))သည်လည်း ရွေးကောက်ပွဲ ဆန့်ကျင်ရေးကော်မီ(ဂျပန်)တွင် ပါဝင်သောအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ (၂၅-၉-၂၀၁၀)နေ့စွဲဖြင့် ရွေးကောက်ပွဲ ဆန့်ကျင်ရေး ကော်မီတီ(ဂျပန်)မှ ထုတ်ပြန်ကြေညာချက်သည်လည်း LDB ၏သဘောထားပါဝင်ပြီးဖြစ်ပါသည်။ ကြေညာချက်ရေးဆွဲသော (၇)ဦးကော်မီတီတွင် LDB ခေါင်းဆောင်တစ်ဦးပါဝင်ပြီးဖြစ်သည်။ ထိုသို့ LDB ၏ သဘောထားပါဝင်ပြီးဖြစ်သော ကြေညာချက် တစ်ခုကိုထုတ်ပြန်ထားသော်လည်း၊ ကျေနပ်မှုမရှိဘဲ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ(၈)ရက်နေ့တွင် LDB အဖွဲ့အမည်ဖြင့် ဆက်လက်ထုတ်ပြန်ကြေညာလာပါသည်။

၁၉။ LDB အဖွဲ့၏ ထုတ်ပြန်ကြေညာချက်တွင် ပုဂ္ဂိုလ်ရေးအရထိခိုက်စွပ်စွဲမှုများပြုလုပ်လာပါသည်။ တိုင်းရင်းသားခေါင်းဆောင် များ၏လုပ်ဆောင်ချက်များသည် မိမိတို့ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် မသက်ဆိုင်သယောင် ရေးသားထားပါသည်။ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသားခေါင်းဆောင်များကို လုံးဝခွဲခြား၍မရနိုင်ပါ။ ထိုကြောင့် LDB အဖွဲ့၏ ထုတ်ပြန် ကြေညာချက်သည် ကျွန်ုပ်တို့လူပုဂ္ဂိုလ်များအား ရည်ညွှန်းပြီးထုတ်ပြန်သော သဘောထားကြေညာချက်သက်သက်သာ ဖြစ်ကြောင်း၊ ကျွန်ုပ်တို့မှတ်ယူပါသည်။

၂၀။ ထို့ကြောင့် ၂၀၁၀ပြည့်နှစ် အောက်တိုဘာလ(၁၀)ရက်နေ့ ရက်စွဲဖြင့်၊ တိုင်းရင်းသားခေါင်းဆောင်(၅)ဦးမှ တူညီသော သဘောထားကို ထုတ်ပြန်လိုက်ပါသည်။

## ဦးဟန်ညောင်ဝေ နှင့် ဦးဗစ်တာဗျတ်လျန်း တို့၏ ဂျပန်နိုင်ငံခရီးစဉ်နှင့်ပတ်သက်သော သဘောထားထုတ်ပြန်ကြေညာချက်။

၁၀ ရက် အောက်တိုဘာလ ၂၀၁၀ ပြည့်နှစ်
တိုကျို၊ ဂျပန်

၁။ ၂၀၁၀ပြည့်နှစ် မေလတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်သော Kachin Independence Organization (KIO), Karen National Union (KNU), Karenni National Progress Party (KNPP), New Mon State Party (NMSP), Chin National Front (CNF) နှင့် Shan State Army (North)(SSA-N) တို့သည် တွေ့ဆုံစစ်ရေး မဟာမိတ်ဖွဲ့ပြီး၊ စာချုပ် ချုပ်ဆိုခဲ့ကြပါသည်။ န.အ.ဖ.စစ်အစိုးရမှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို နယ်ခြားစောင့်တပ်အဖြစ် အတင်းအဓမ္မဖွဲ့စည်းစေခြင်းကိုလည်း လက်မခံနိုင်ကြောင်းဆုံးဖြတ်ခဲ့ကြပါသည်။

၂။ ထို့ကြောင့် န.အ.ဖ.စစ်အစိုးရမှ တိုင်းရင်းသားအရေးကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းမပြုဘဲ၊ စစ်ရေးအရ အတင်းအဓမ္မတိုက်ခိုက်လာပါက၊ အင်အားမျှတခြင်းမရှိသည့်အတွက် တိုင်းရင်းသားများဖက်မှ ထိခိုက်သေကြေဆုံးရှုံးမှုများစွာ ဖြစ်လာနိုင်ပြီး၊ စစ်ပြေးဒုက္ခသည်များလည်းပိုမိုများပြားလာမည်ဖြစ်ပါသည်။

၃။ ထိုကဲ့သို့သောအရေးကို ကြိုတင်ကာကွယ်ရန်အတွက် မဟာမိတ်စာချုပ်ချုပ်ဆိုထားသော တိုင်းရင်းသားလူမျိုးများမှ ခေါင်းဆောင်များသည် နိုင်ငံတကာသို့လှည့်လည်ကာ ကမ္ဘာ့နိုင်ငံအသီးသီးသို့ တွေ့ဆုံဆွေးနွေးတင်ပြလျက်ရှိပါသည်။ နိုင်ငံတကာမှ န.အ.ဖ.စစ်အစိုးရသို့ သံတမန်ရေးအရ စစ်ပွဲမဖြစ်ပွားစေရန် တားမြစ်ပေးနိုင်ပါက တိုင်းရင်းသားများ၏ဒုက္ခနှင့် အသက် အန္တရာယ်ကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။

၄။ ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ(၂၂)ရက်နေ့တွင် န.အ.ဖ.စစ်အစိုးရမှ ကချင်လက်နက်ကိုင်အဖွဲ့နှင့်မွန်လက်နက်ကိုင်အဖွဲ့တို့ကို လက်နက်ချရန် နောက်ဆုံးရက်အဖြစ် (စက်တင်ဘာလ ၁ ရက်၊ ၂၀၁၀)ကို သတ်မှတ်ထားပေးပြီးဖြစ်ပါသည်။

၅။ ထိုကဲ့သို့ အရေးကြီးသည့်တိုင်းရင်းသားများအရေးကို ဂျပန်လွှတ်တော်အမတ်(မစ္စတာနာကဂါဝါ မာဆဟာရု)ထံသို့ တင်ပြဆွေးနွေးရန် (စက်တင်ဘာလ ၁ ရက်၊ ၂၀၁၀)တွင် ဦးဟန်ညောင်ဝေ၊ ဦးဗစ်တာဗျတ်လျန်း၊ မရစ်ဆိုင်းဘူ၊ ဦးထန်နန်လျန်းထန်၊ စောဘလှသိန်း၊ မင်းမျိုးချစ်၊ စိုင်းစီဝမ်း တို့ သွားရောက်ခဲ့ကြခြင်းဖြစ်ပါသည်။ စကားပြန်အဖြစ် ဦးရွှေဘ ခေါ် (မစ္စတာ၊ တာနာဘေး) ကလိုက်ပါဆောင်ရွက်ပေးပါသည်။ မြန်မာနိုင်ငံ၏ ၂၀၁၀ ရွေးကောက်ပွဲအားထောက်ခံပေးရန် သွားရောက်ပြောဆိုခြင်းမဟုတ်ကြောင်း၊ ထုတ်ပြန်ကြေညာအပ်ပါသည်။

1. Marip Seng Bu (General Secretary, Kachin National Organization- Japan)(KNO-Japan)

2. Thang Nang Lian Thang (Chairperson, Chin National Community-Japan) (CNC-Japan)

3. Saw Ba Hla Thein (Vice chairperson, Karen National League - Japan) (KNL-Japan)

4. Sai Si Wan (Chairperson, Shan Nationalities for Democracy - Japan) (SND-Japan)

5. Min Myo Chit (Chairperson, Punnyagari Mon National Society - Japan) PMNS-Japan)

ဦးဟန်ညွှောင်ဝေနှင့် Victor Biak Lian တို့၏ ၂၀၁၀ စက်တင်ဘာ (၁) ရက် ဂျပန်ခရီးစဉ်နှင့် ပတ်သက်၍
၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်ရေး ကော်မတီ (ဂျပန်)မှ
ထုတ်ပြန်ကြေညာချက်

နေ့စွဲ - ၂၀၁၀ ခုနှစ် စက်တင်ဘာ (၂၅) ရက်

(၁) နအဖ စစ်အုပ်စု၏ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအပြင် ၎င်းတို့စိတ်ကြိုက် ဖွဲ့စည်းထားသော ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့နှင့် ယင်းကော်မရှင်မှ ထုတ်ပြန်သော ဥပဒေ ပြဋ္ဌာန်းချက်များသည် မြန်မာ နိုင်ငံသား တိုင်းရင်းသားပြည်သူများ၏ မျှော်လင့် ရည်မှန်းရာ ဒီမိုကရေစီ ဖယ်ဒရယ် ပြည်ထောင်စုနိုင်ငံ အဖြစ် တည်ဆောက်ပေးနိုင်မည့် ရွေးကောက်ပွဲအတွက် တရားမျှတမှုနှင့် ဒီမိုကရေစီစံနှုန်းများ မရှိ သဖြင့် အမျိုးသားခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အဆိုပါ ၂၀၁၀ ရွေးကောက်ပွဲအား သပိတ်မှောက်လိုက်ကြောင်း ၂၀၁၀ ခုနှစ် စက်တင်ဘာလ (၇) ရက်တွင် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

(၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နည်းတူ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ အပါအဝင် အခြား နိုင်ငံရေးပါတီ အဖွဲ့အစည်းများ၊ တိုင်းရင်းသားကိုယ်စားပြု ဒီမိုကရေစီ ပါတီအဖွဲ့အစည်းများကလည်း နအဖ စစ်အုပ်စု၏ ၂၀၁၀ ရွေးကောက်ပွဲအား သပိတ်မှောက်ကြောင်း၊ ဆုံးဖြတ်ခဲ့ကြသည်။

(၃) ဂျပန်နိုင်ငံရောက် မြန်မာတိုင်းရင်းသား လူမျိုးပေါင်းစုံတို့၏ ဒီမိုကရေစီ အင်အားစုများကလည်း ၂၀၁၀ ရွေးကောက်ပွဲဆန့်ကျင်ရေးကော်မတီ(ဂျပန်)ကို ၂၀၁၀ ခုနှစ် ဩဂုတ်လ ၂၉ ရက်၌ တညီတညွတ်တည်း ဖွဲ့စည်းကာ နအဖ စစ်အုပ်စု၏ ၂၀၁၀ ရွေးကောက်ပွဲအား စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေမည့် အတုအယောင် ရွေးကောက်ပွဲအဖြစ် သတ်မှတ်လျက် ယင်းကို ဆန့်ကျင်ကန့်ကွက်ကြောင်း ထုတ်ပြန် ကြေညာခဲ့သည်။

(၄) ၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်ရေးကော်မတီ (ဂျပန်) တွင် ပါဝင်သော အဖွဲ့အစည်းများ အားလုံးသည် မိမိအဖွဲ့အစည်းများ၏ သီးခြားလွတ်လပ်သော ဆုံးဖြတ်ချက်များဖြင့် လက်မှတ်ရေးထိုးကာ ကော်မတီ၌ ပါဝင်ပူးပေါင်း လုပ်ဆောင်ကြခြင်းဖြစ်ပြီး ထိုသို့ဖြစ်စေရန် အခြားတဦး-တဖွဲ့၏ တိုက်တွန်းခြင်းနှင့် ဩဇာ လွှမ်းမိုးခြင်းများ အလျဉ်းမရှိပါ။

(၅) ဦးဟန်ညွှောင်ဝေနှင့် Victor Biak Lian တို့မှာ နအဖ စစ်အုပ်စု၏ ၂၀၁၀ ရွေးကောက်ပွဲကို ထောက်ခံ အားပေးသူများ ဖြစ်သဖြင့် သူတို့သည် ၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်ရေးကော်မတီ (ဂျပန်)နှင့် ရွေးကောက်ပွဲ ရပ်တည်ချက် သဘောထားချင်း လုံးဝ ဆန့်ကျင် ကွဲပြားလျက်ရှိနေသည်။

(၆)၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်ရေးကော်မတီ (ဂျပန်)မှ တိုင်းရင်းသား ကိုယ်စားလှယ်အချို့သည် ဦးဟန်ညွှောင်ဝေနှင့် Victor Biak Lian တို့၏ ၁-၉-၂၀၁၀ လျှို့ဝှက် ဂျပန်ခရီးစဉ်အတွင်း အတူတကွ လိုက်ပါသွားခဲ့ကြသော်လည်း နအဖ စစ်အုပ်စု၏ ၂၀၁၀ ရွေးကောက်ပွဲကို ထောက်ခံ အားပေးသည့် ဦးဟန်ညွှောင်ဝေနှင့် Victor Biak Lian တို့၏ ရပ်တည်ချက် သဘောထားကို သဘောတူခြင်း အလျဉ်း မရှိပဲ ၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်ရေးကော်မတီ (ဂျပန်)၏ ရပ်တည်ချက်အတိုင်းသာ ပြတ်သားစွာ ရပ်တည်ပါကြောင်း ၁၉-၉- ၂၀၁၀ နေ့က ကျင်းပသော ၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်ရေး ကော်မတီ (ဂျပန်)၏ အစည်းအဝေးတွင် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်သည်။

(၇) သို့ဖြစ်ရာ ဦးဟန်ညောင်ဝေနှင့် Victor Biak Lian ၏ ၁-၉-၂၀၁၀ လျှို့ဝှက် ဂျပန်ခရီးစဉ်အတွင်း ၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်ရေးကော်မတီ (ဂျပန်) မှ အဖွဲ့ဝင်တချို့ဖြစ်သော တိုင်းရင်းသား ကိုယ်စားလှယ် အချို့အား အတူလိုက်ပါစေလျက် ဂျပန်အစိုးရ အသိုင်းအဝိုင်းသို့ ချဉ်းကပ်လုပ်ဆောင်သည့် လုပ်ရပ် များအား ကျွန်ုပ်တို့ ၂၀၁၀ ရွေးကောက်ပွဲဆန့်ကျင်ရေးကော်မတီ (ဂျပန်)မှ လုံးဝ ရှုတ်ချ ကန့်ကွက် လိုက်သည်။

၂၀၁၀ ရွေးကောက်ပွဲဆန့်ကျင်ရေးကော်မတီ (ဂျပန်)

(၂၀၁၀ ရွေးကောက်ပွဲဆန့်ကျင်ရေးကော်မတီ (ဂျပန်) တွင်ပါဝင်သော အဖွဲ့အစည်းများ၏ စာရင်းကို ပူးတွဲ ဖြန့်ဝေပါသည်။)

**League for Democracy in Burma**

**မြန်မာ့ဒီမိုကရေစီအဖွဲ့ချုပ်　ビルマ民主化同盟**

စာအမှတ် ။ LDB ၂၃ ၂၀၁၀
နေ့စွဲ ။ အောက်တိုဘာလ ၈ ရက် ၂၀၁၀

## ဦးဟန်ညောင်ဝေ နှင့် Victor Biak Lian တို့၏ ဂျပန်နိုင်ငံခရီးစဉ်နှင့်ပတ်သက်သော သဘောထား ထုတ်ပြန်ကြေညာချက်။

၁။ မြန်မာ့ဒီမိုကရေစီအဖွဲ့ချုပ်သည် သီးခြားလွတ်လပ်သောအဖွဲ့အစည်းဖြစ်ပြီး မြန်မာနိုင်ငံ ဒီမိုကရေစီနှင့်လူ့အခွင့်အရေး ရရှိရေးလှုပ်ရှားမှုများကိုဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ နအဖ စစ်အာဏာရှင်များက ကျင်းပရန်စီစဉ်ထားသည့် ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၇ ရက် အထွေထွေရွေးကောက်ပွဲသည် မြန်မာနိုင်ငံတွင် စစ်တပ်က ထာဝရအုပ်ချုပ်နိုင်စေရန် ရည်ရွယ်ကာလုပ်ဆောင်ခြင်းဖြစ်သည်ဟု ယုံကြည်လက်ခံထားသည်။ ထို့ကြောင့် အဆိုပါရွေးကောက်ပွဲအားပြတ်ပြတ်သားသား ကန့်ကွက်ဆန့်ကျင်သပိတ်မှောက်သည်။

၂။ မြန်မာနိုင်ငံအတွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီတို့က နအဖ စစ်အုပ်စု၏ ၂၀၁၀ ရွေးကောက်ပွဲသည် စစ်အာဏာရှင်စနစ်ကို တရားဝင်အောင်ပြုလုပ်ခြင်းဖြစ်သောကြောင့် ကန့်ကွက်သပိတ်မှောက်ကြောင်းဆုံးဖြတ်ခဲ့ပါသည်။ ထိုဆုံးဖြတ်ချက်သည် မှန်ကန်၍ ပြည်သူအားလုံး၏ဆန္ဒကို ထင်ဟပ်မည်ဟု ယုံကြည်ပါသည်။

၃။ ဦးဟန်ညောင်ဝေ နှင့် Victor Biak Lian တို့၏ ၂၀၁၀ ရွေးကောက်ပွဲကို ထောက်ခံရေး နိုင်ငံတကာလှည့်လည် စည်းရုံးလုပ်ဆောင်နေမှုများသည် နအဖ စစ်အုပ်စု၏ စစ်အာဏာရှင်စနစ် ဆက်လက်တည်မြဲရေးအတွက် အားပေးပံ့ပိုးနေသော လုပ်ရပ်ဖြစ်သည်ဟု ကျွန်ုပ်တို့အဖွဲ့ချုပ်က မှတ်ယူသည်။ ထိုသူများသည်ဂျပန်နိုင်ငံသို့ရောက်ရှိလာပြီး ဂျပန်လွှတ်တော်အမတ်တချို့၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများများနှင့်တွေ့ဆုံခဲ့ရာတွင် ၂၀၁၀ ရွေးကောက်ပွဲကို ထောက်ခံရန် အချက်ကိုလည်း စည်းရုံးပြောဆိုခဲ့သည်ဟု သိရသည်။ ပြည်ထောင်စုမြန်မာနိုင်ငံမှ တိုင်းရင်းသားများအနေဖြင့် မိမိတို့တိုင်းရင်းသားလူမျိုးစုများရင်ဆိုင်ကြုံတွေ့နေရသည့်အခြေအနေနှင့် ဒေသအတွင်း ကိစ္စရပ်များနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောဆိုခြင်းမှာ လိုအပ်သောအရာဖြစ်သည်ဟု ကျွန်ုပ်တို့အဖွဲ့ချုပ်က မှတ်ယူသည်။

၄။ ထိုကဲ့သို့ သွားရောက်တွေ့ဆုံမှုတွင် ဂျပန်နိုင်ငံတွင်ဖွဲ့စည်းထားသော ၂၀၁၀ခုနှစ် ရွေးကောက်ပွဲဆန့်ကျင်သပိတ်မှောက်ရေး ကော်မတီ (ဂျပန်) တွင်ပါဝင်သော အဖွဲ့အချို့မှတာဝန်ရှိသူများ လိုက်ပါသွားခဲ့သည်ဟု သိရသည်။ ထိုသို့လိုက်ပါသွားသူများမှာ **မရစ်ဆိုင်ဘူး၊ ဦးထန်နန်းလျန်ထန်၊ စောဘလှသိန်း၊ စိုင်းစီဝမ်၊ မင်းမျိုးချစ်** တို့ဖြစ်ကြသည်။

၅။ လွှတ်တော်အမတ်နှင့်တွေ့ဆုံမှုတွင် ဦးဟန်ညောင်ဝေ နှင့် Victor Biak Lian တို့၏ ပြောဆိုချက်များကို သဘောမကျ၊ လက်မခံဖြစ်ခဲ့ပြီးနောက် ၂၀၁၀ ခုနှစ်စက်တင်ဘာလ ၁၉ ရက်နေ့တွင်ပြုလုပ်သော ၂၀၁၀ခုနှစ် ရွေးကောက်ပွဲဆန့်ကျင်သပိတ်မှောက်ရေး ကော်မတီ (ဂျပန်) အစည်းအဝေးတွင် ဖြစ်ရပ်များကို ရှင်းလင်းပြောပြခဲ့ပါသည်။ မင်းမျိုးချစ်က အမှန်အတိုင်း ရိုးသားစွာပြောပြခဲ့သည့်အတွက် ထိုအဖြစ်များကို သိခဲ့ရသည်။

၆။ ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ပါသည်ဟု ဆိုထားသူများက ၂၀၁၀ ရွေးကောက်ပွဲကိုထောက်ခံရန် လှည့်လည်စည်းရုံးနေသူများနှင့် နိုင်ငံရေးအရ ပူးပေါင်းလုပ်ဆောင်သောလုပ်ရပ်သည် လှေနံနှစ်ဘက်နင်းသောလုပ်ရပ်ဖြစ်သည်ဟု ကျွန်ုပ်တို့အဖွဲ့ချုပ်က မှတ်ယူသည်။ ၂၀၁၀ ရွေးကောက်ပွဲသည် မြန်မာတနိုင်ငံလုံးနှင့်သက်ဆိုင်သောအရေးဖြစ်သည့်အတွက် မိမိတို့အဖွဲ့ချုပ်အနေဖြင့် မည်သည့်နည်းနှင့်မျှ လျစ်လျူရှုမနေနိုင်သောကြောင့် ယခုကဲ့သို့ အတိအလင်းထုတ်ပြန်ကြေငြာရခြင်းဖြစ်ပါသည်။

၇။ ထို့ကြောင့် မြန်မာ့ဒီမိုကရေစီအဖွဲ့ချုပ်သည် မရစ်ဆိုင်ဘူး၊ ဦးထန်နန်းလျန်ထန်၊ စောဘလှသိန်း၊ စိုင်းစီဝမ် ( အဆိုပါပုဂ္ဂိုလ်များကိုယ်စားပြုသော အဖွဲ့အစည်းများမပါဝင်ပါ) တို့နှင့် နောက်နောင်တွင် နိုင်ငံရေးနှင့်ပတ်သက်သောလှုပ်ရှားမှုများကို ဆောင်ရွက်မည်မဟုတ်ပေ။ ထို့အပြင် မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ်သက်ဆိုးရှည်စေမည့် လုပ်ရပ်များကို အားပေးလုပ်ဆောင်သော မည်သည့်ပုဂ္ဂိုလ် မည်သည့်အဖွဲ့အစည်းကို မဆို ကန့်ကွက်ဆန့်ကျင်သွားမည်ဖြစ်သည်။

၈။ ဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦး၊ ဦးစိုင်းညွန့်လွင် အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များ၊ မင်းကိုနိုင်အပါအဝင် ကျောင်းသားခေါင်းဆောင်များ နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရေး၊ မြန်မာနိုင်ငံတွင် စစ်မှန်သော ဒီမိုကရေစီထွန်းကားရေးနှင့်လူ့အခွင့်အရေးများ ရရှိရေး၊ တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းစွာဖြင့် အတူနေထိုင်နိုင်ရေးအတွက် တော်လှန်ရေးသစ္စာဖြင့် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်သည်။

အလုပ်အမှုဆောင်အဖွဲ့ ( ကိုယ်စား )

ကျော်ကျော်စိုး
( ဥက္ကဌ )
မြန်မာ့ဒီမိုကရေစီအဖွဲ့ချုပ်

〒114-0032 東京都　北区　滝野川　7-18-1　アプト502号室　Tel/Fax 81(3) 3916-4996
Room 502 APTO, Takinogawa 7-18-1, Kita-ku, Tokyo, Japan. E.mail: ldbjapan.org@gmail.com